

# ကျွန်တော် အသက် (၄)နှစ် ပြည့်ပြီ


ပြန်လည်ပြင်ဆင်ခြင်း ၂၀၁၃။

စီမံချက်ကန့်သတ်နယ်မြေအတွင်း အသုံးပြုရန်။


မင်္ဂလာပါ။ ကျွန်တော့်နာမည် ကျော်ကျော်လို့ ခေါ်ပါတယ်။
အခု ကျွန်တော် အသက်(၄)နှစ် ပြည့်ပါပြီ။



သူက ကျွန်တော့် မေမေပါ။
သူကတော့ ကျွန်တော့် ဖေဖေပေါ့။




ကျွန်တော် မွေးခါစက သေးသေးလေးတဲ့။ အဲဒီအချိန်တုန်းက ကျွန်တော် တစ်နေ့လုံးလိုလို အိပ်လေ့ရှိတယ်။



တစ်ခါတလေ ကျွန်တော်ငိုပါတယ်။ ငိုတော့ မေမေက နို့တိုက်ပါတယ်။
ဖေဖေကလည်း ဂျောက်ဂျက်လေးတစ်ခု ဝယ်ပေးတယ်။

ပထမဆုံး ကျွန်တော် ခြေကန်တာနဲ့
လက်ဝှေ့ယမ်းတာပဲ လုပ်တတ်တယ်။






ဒီလိုနဲ့ ကျွန်တော် တဖြည်းဖြည်း
ကြီးလာတယ်။ မှောက်တတ်လာတယ်။

နောက်ထိုင်တတ်လာတယ်။





ပိုကြီးလာတော့ လေးဘက်ထောက်
သွားတတ်လာတယ်။




ကျွန်တော်အသက် တစ်နှစ်ပြည့်တော့ မတ်တပ်ရပ်နိုင်လာတယ်။
အရုပ်တွေကိုလည်း ပစ်ဆော့ကစားတတ်ပြီ။



မေမေ့ဆီကိုလည်း လမ်းလျှောက်သွားနိုင်ပြီ။
နောက်တော့

ကျွန်တော့်အသက် (၂)နှစ်ပြည့်တဲ့အခါ
လှည်းကလေးကိုဆွဲပြီး လျှောက်နိုင်ပြီ။
ဖေဖေက ကျွန်တော့်ကို လမ်းထွက်
လျှောက်တိုင်း ခေါ်လေ့ရှိတယ်။



ကျွန်တော် အသက်(၃)နှစ်
ပြည့်တော့ မေမေ့ကို ကူညီ
နိုင်ပါပြီ။ ပေါင်မုန့်တုံးကြီး
ကိုလည်း ကူသယ်နိုင်ပါပြီ။



ပုံပြင်ကို ကျွန်တော်အလွန်ကြိုက်ပါတယ်။
ဒါကြောင့် ဖေဖေက ကျွန်တော့်ကို ပုံပြင်တွေ
ဖတ်ပြလေ့ရှိတယ်။



အခု ကျွန်တော့် အသက်(၄)နှစ် ပြည့်လာပါပြီ။
စက်ဘီးလည်း ကောင်းကောင်းစီးတတ်ပါပြီ။



ဒီကနေ့ ကျွန်တော် (၄)နှစ်ပြည့် မွေးနေ့ပေါ့။
သိပ်ပျော်စရာ ကောင်းတဲ့နေ့လေးပေါ့။

